**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**
**သတင်းလွှာ(၁၅ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်(ပသက) လျှောက်ထားခြင်းလုပ်ငန်းစဉ်တွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အချို့အား အသိပေး ထုတ်ပြန်ခြင်း။**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်(ပသက)နှင့် ဆက်စပ်ကတ်များကို Tradenet 2.0 စနစ်မှ ခွင့်ပြုထုတ်ပေးလျက်ရှိရာ Tradenet 2.0 စနစ်တွင် အောက်ပါအကြောင်း အမျိုးမျိုးကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်(ပသက)များလျှောက်ထားရာတွင် ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်သွားရန်ဖြစ်သည် -

(က) **ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

မြန်မာကုမ္ပဏီမှ နိုင်ငံခြားကုမ္ပဏီ (သို့မဟုတ်) နိုင်ငံခြားကုမ္ပဏီမှ မြန်မာကုမ္ပဏီသို့ အမျိုးအစားပြောင်းလဲလျှောက်ထားလိုသော ပသကများအတွက် အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(၁) Tradenet 2.0 စနစ်တွင်**Cancel Process** အားဦးစွာဆောင်ရွက်ရန်၊
(Cancel လျှောက်ထားပြီးပါ ပသကအပါအဝင် လျှောက်ထားပြီး ဆက်စပ်ကတ်အားလုံး Auto Cancel ဖြစ်သွားမည်ဖြစ်သည်။)

(၂) ၎င်း ပသကကိုပင် ပြန်လည်အသုံးပြုလိုပါက **De-Cancel Process** ဖြင့် ပြန်လည်လျှောက်ထားရန်၊
(မူလပသကအမှတ်အတိုင်းရရှိမည်ဖြစ်ပြီးငွေပေးသွင်းသည့်ရက်မှစ၍ သက်တမ်းပြန်လည်စတင်မည်ဖြစ်သည်)
(၎င်းပသကဖြင့်လျှောက်ထားသည့်ဆက်စပ်ကတ်များအားလုံး အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး ကတ်နံပါတ်အသစ်များရရှိမည်ဖြစ်သည်)

(ခ) **9 digits ပြောင်းလဲပြီးသောပသကများ၏ သက်တမ်း(၁)နှစ်ကျော်သည်အထိ သက်တမ်းတိုးထားခြင်းမရှိသော ပသကများအားပြန်လည်အသုံးပြုလိုခြင်း အတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

ပသကအား 9 digits ပြောင်းလဲပြီးသော်လည်း သက်တမ်းတစ်နှစ်ကျော်သည်အထိ သက်တမ်းတိုးထားခြင်းမရှိသဖြင့် Expire ဖြစ်နေသော ပသကများကို ပြန်လည်အသုံးပြုလိုပါက အောက်ပါလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် –

(၁) Tradenet 2.0 စနစ်တွင်(၁) နှစ်ကျော်သည်အထိသက်တမ်းတိုးခြင်း မရှိသည့် ပသကများအား**Auto Cancel** စနစ်မှ ဆောင်ရွက်ရန်၊
(Auto Cancel ဖြစ်ပြီးသည် ပသကနှင့် ဆက်စပ်သည့်ကတ်အားလုံး Auto Cancel ဖြစ်သွားမည်ဖြစ်သည်။)

(၂) ၎င်းပသကကို ပြန်လည်အသုံးပြုလိုပါက **De-Cancel Process**ဖြင့် ပြန်လည်လျှောက်ထားရန်။
(မူလပသကအမှတ်အတိုင်းရရှိမည်ဖြစ်ပြီးငွေပေးသွင်းသည့်ရက်မှစ၍ သက်တမ်းပြန်လည်စတင်မည်ဖြစ်သည်)
(၎င်းပသကဖြင့်လျှောက်ထားသည့်ဆက်စပ်ကတ်များအားလုံး အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီးကတ်နံပါတ်အသစ်များရရှိမည်ဖြစ်သည်)

(ဂ) **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့မတိုင်မီ Tradenet 2.0 တွင် အကြောင်းအမျိုးမျိုးကြောင့် Migrate မပြုလုပ်နိုင်ခဲ့သည့် ပသကများကို Tradenet 2.0 စနစ်တွင် အသုံးပြုလိုခြင်းအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်**

Tradenet 2.0 စနစ် မစတင်မီ 9 Digits ပြောင်းလဲပြီးသော ပသကများအား Tradenet 2.0 စနစ်ပေါ်တွင် **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ(၁၆) ရက်နေ့မတိုင်မီ** Migrate ပြုလုပ်ရန်သတ်မှတ်ကြေညာခဲ့သော်လည်း ယင်းကာလအတွင်းလုပ်ငန်းရှင်များဘက်မှ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ခြင်းမရှိသည့်ပသကများ(Tradenet 2.0 စနစ်ပေါ်တွင် မရှိသည့် ပသကများ)အား လျှောက်ထားလိုပါက အောက်ပါလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်သည် –

(၁) Tradenet 2.0 စနစ်တွင် New (Re-New) Process ဖြင့် ပြန်လည်လျှောက်ထားရန်။

(MyCoစနစ်ရှိ Upgrade ကုမ္ပဏီအချက်အလက်များဖြင့် ချိတ်ဆက်နိုင်စေရန်ဖြစ်ပါသည်)

၂။ သို့ဖြစ်ပါ၍ အထက်အပိုဒ်ပါ ကိစ္စရပ်များအတွက် ပသကလျှောက်ထားမှုများကို (၁-၉-၂၀၂၁) ရက်နေ့မှစ၍ ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်း Tradenet 2.0 စနစ်တွင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်းအသိပေးကြေငြာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန